ဥယျာဉ်ကျေးရွာ

တောမကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဥယျာဉ်ကျေးရွာ၊ မိတ္ထီလာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

စကားချီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်မှ (၂၀၂၈)ခုနှစ်အထိ (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံညဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စိစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသည့် အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည့်တို့ကို အဓိကထား ဖော်ပြထားပါသည်။

သြဂုတ် ၂၀၂၄


ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဥယျာဉ်ကျေးရွာ
မိတ္ထီလာမြို့


မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီ	
	မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ ဥယျာဉ်ကျေးရွာ၏ သယံဇာတပြမြေပုံ	
	မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ ဥယျာဉ်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	
	မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ ဥယျာဉ်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြ	
	မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ ဥယျာဉ်ကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ	
၁။	တည်နေရာနှင့်ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃။	ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာမီးလင်းရေး	
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	
၇။	ပညာရေး	
၈။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၁၀။	ကျား – မ ရေးရာကိစ္စရပ်ဆိုင်ရာ	
၁၁။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
	• နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	• နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	
	• နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	• နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	• နောက်ဆက်တွဲ (၅) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ သတ်မှတ်ခြင်း	
	• နောက်ဆက်တွဲ (၆) စီမံကိန်း အဆိုပြုလွှာများ။	
၁၂။	ရည်ညွှန်းကိုးကားချက်	


၁. မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ ဥယျာဉ်ကျေးရွာ၏ သယံဇာတပြမြေပုံ



၂. မိတ္ထီလာမြို့နယ်၊ တောမ အုပ်စု၊ ဥယျာဉ် ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၃. မိတ္ထီလာမြို့နယ်၊ တောမ အုပ်စု၊ ဥယျာဉ် ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပုံ



တည်နေရာနှင့် ပထဝီဝင် အနေအထား

၁။ တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဥယျာဉ်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မိတ္ထီလာမြို့မှ(၇)မိုင်အကွာ တောင်ကြီးကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ရွာ၏အကျယ်အဝန်းမှာ (၄၂)ဧကခန့်ရှိပြီး အရှေ့ဘက်တွင်လယ်မြေများ၊ ညောင်ကိုင်းကျေးရွာ၊ ရွာသစ်ကျေးရွာများတည်ရှိပါသည်။ ရွာ၏ အနောက်ဘက်တွင်ပန်းတော်ဆက်ကျေးရွာ၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရစိုက်ပျိုးရေးခြံတို့တည်ရှိပါသည်။ ရွာ၏ တောင်ဘက်တွင်လယ်ကွင်းနှင့် ချောက်ပင်ကျေးရွာတို့တည်ရှိပါသည်။ ရွာ၏ မြောက်ဘက်တွင်ယာမြေများနှင့် ကဖြူကျေးရွာတို့ရှိပါသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ဥယျာဉ်ကျေးရွာသည် စိုက်ပျိုးရေး ၊အစိုးရဝန်ထမ်း၊ ပန်းရံလက်သမားနှင့်အရောင်းအဝယ်-လက်လုပ် လက်စားကို အခြေခံသောကျေးရွာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မိုးတွင်းကာလတွင် စိမ်းစိုနေ၍ ဆောင်းရာသီနှင့် နွေရာသီတွင်ခြောက်သွေ့လျက်ရှိပါသည်။ ကျေးရွာဖြစ်ပြီး မိုးကောင်းရေသောက်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသဖြင့် မိုးတွင်းကာလတွင် စိမ်းစိုနေ၍ ဆောင်းရာသီနှင့် နွေရာသီတွင် အနည်းငယ်ခြောက်သွေ့လျက်ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် လယ်မြေ(၁၂၆)ဧက၊ ယာမြေ (၃၉.၃)ဧကရှိပြီး လယ်မြေယာမြေပေါများပြီး စပါး၊နှမ်း၊ကြက်သွန်၊ ပဲမျိုးစုံနှင့်နေကြာတို့ကို စိုက်ပျိုးပါသည်။ ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၃°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၀°C ရှိတက်ပါသည်။ မိုးကောင်းရေသောက် စိုက်ပျိုးမြေများဖြစ်သည့် အတွက် မိုးရာသီတွင်သာ စိုက်ပျိုးရေရရှိပြီး ဆောင်းရာသီနှင့်နွေရာသီတို့တွင် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ ရာသီဥတုမှန်ကန်မှုမရှိသောကြောင့် မိုးခေါင်ခြင်းဒဏ်ကို မကြာခဏခံကြရပါ သည်။ မိုးခေါင်သည့်နှစ်များတွင် မြေသောက်ရေကို အသုံးပြု၍ စိုက်ပျိုးနိုင်ခြင်းမရှိပါ။ အဓိက စိုက်ပျိုးသောသီးနှံများမှာ စပါး၊နှမ်း၊ကြက်သွန်၊ ပဲမျိုးစုံနှင့် နေကြာတို့ကို အဓိကစိုက်ပျိုးကြပြီး သဘာဝပေါက်ပင်များမှ မန်ကျည်း၊တမာ၊ ကုက္ကိုပင်၊ ဇီးဖြူသီးပင်၊မယ်ဇလီပင်၊ ထနောင်းပင်နှင့် ကန္တာရပင်တို့ ပေါက်ရောက်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဥယျာဉ်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး၊ အစိုးရဝန်ထမ်း၊ ပန်းရံလက်သမားနှင့် အရောင်းအဝယ်-လက်လုပ်လက်စားဖြစ်ပါသည်။အိမ်ထောင်စု၏ (၂၀)%မှာ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ကြပြီး အစိုးရဝန်ထမ်း၊ ပန်းရံလက်သမားနှင့် အရောင်းအဝယ်-လက်လုပ်လက်စားနှင့်အခြားကျပမ်းလုပ်ကိုင်သူ (၈၀)% ရှိပါသည်။ အိမ်ထောင်စုအနည်းငယ်မှာ အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတတ် သော်လည်း ထိုအခြေအနေများတွင် ဆွေမျိုးနီစပ်ရာများမှ ချေးငှားအသုံးပြုခြင်းဖြင့် လတ်တလောကို ဖြေရှင်းကြရပါသည်။ ရာသီဥတုမှန်လျှင် တောင်သူများသီးနှံအထွက်နှုန်းတိုး၍ အကျိုးအမြတ်ရရှိကာ ဝင်ငွေကောင်း ပြီး ရာသီဥတုမမှန်လျှင် သီးနှံအထွက်နှုန်းညံ့ပြီး ဈေးကောင်းမရောင်းရပါ။ ကျေးရွာသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသောကျေးရွာဖြစ်ပြီး လယ်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသဖြင့် စီးပွားရေးအနေအထားအရ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ နှမ်း၊ ကြက်သွန်တို့ကို အဓိကထား စိုက်ပျိုးကြပြီးမွေးမြူရေးအနေဖြင့် နို့စားနွားနှင့်နွားကိုသာ တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ လယ်မြေပေါများသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးကို အဓိကထား စိုက်ပျိုးကြပြီး လယ်စိုက်ပျိုးခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းကိုလုပ်ကိုင်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ကိုင် သူများနှင့်အခြားလုပ်ငန်းများတွင် လုပ်ကိုင်ကြရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၅)၊ အလယ်အလတ်အိမ်ထောင်စု (၁၁၀)၊ အဆင်မပြေသော အိမ်ထောင်စု(၃၅)၊အလွန်အဆင်မပြေသောအိမ်ထောင်စု(၂၀)လေ့လာတွေ့ရှိရပါသည်။ အလယ်အလတ် အိမ်ထောင်စုက ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်မြေ(၁၂၆)ဧက၊ ယာမြေ (၃၉.၃)ဧကရှိပြီး လယ်မြေယာမြေ အသင့်

အတင့်ရှိပြီး စုစုပေါင်း (၁၆၅.၃)ဧက ရှိသောကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအနေဖြင့် ယခု(၂၀၂၄-၂၀၂၅)ခု ဘဏ္ဍာရေးနှစ် တွင် ကျေးရွာနေပြည်သူများ၏ ဘဝနေထိုင်မှုအဆင့်မြင့်မားရေးအတွက် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်း၊ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း၊ အားကစားကွင်းနှင့် အားကစားပစ္စည်းများ ရရှိရေးဖြင့်လည်း ကျေးရွာ၏ လိုအပ်ချက်အားလုံးကို (၅)နှစ် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၁၂၇)စု၊ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၂၇)စု၊ ၂.၅ဧက မှ ၅ ဧက ကြားတောင်သူငယ် (၁၅) အိမ်ထောင်စု ၊ ၅ဧက မှ ၁၂.၅ ဧကကြား တောင်သူလတ်(၁၀)၊ ၁၂.၅ဧက အထက် (၁)ဧက အိမ်ထောင်စု အဓိကအားဖြင့် စပါး၊ နှမ်း၊ ကြက်သွန်တို့ကို စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် များသောအားဖြင့် အများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားလုပ်ကိုင်ကြပါသည်။ မိုးကောင်းရေသောက် သီးနှံများဖြစ်သည့်အတွက် မိုးရာသီတွင်သာ စိုက်ပျိုးရေရှိပြီး နွေရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ စိုက်ပျိုးရေးအခြေအနေ အထွက်နှုန်းတစ်ဧကလျှင်ပျမ်းမျှ (၃၈)တင်းခန့်ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် စက်ကိရိယာပိုင်ဆိုင်သော အိမ်ထောင်စုများမှာ အနည်းငယ်သာရှိပြီး စက်ကိရိယာပိုင်ဆိုင်မှုမရှိသောအိမ်ထောင်စုများမှာ ငှားရမ်း၍ လုပ်ကိုင်ကြရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၁)အိမ်ရှိပြီး ကောင်ရေ (၂၄)ကောင်၊ နို့စားနွားမွေးမြူသည့်အိမ်ထောင်စု(၃၀)စု၊ ကောင်ရေ(၇၂)ရှိပြီး ဝက်၊ ကြက် စသည့် တိရိစ္ဆာန်များကိုလည်း တစ်နိုင်တစ်ပိုင်သာမွေးမြူထားပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ မလုပ်ကိုင်သည့် အိမ်ထောင်စုများသည် အစိုးရဝန်ထမ်း၊ ပန်းရံလက်သမားနှင့် အရောင်းအဝယ်-လက်လုပ်လက်စားနှင့် အခြားကျပန်းလုပ် ငန်းများဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ပြင်ပငွေကြေးဆိုင်ရာအဖွဲ့အစည်းများမှာ ကလေးသူငယ်စောင့်ရှောက်ရေး Save the children USAID,CLED Children Learning Ervironment Development,အမ်ဒါ,မြကွန်းသာ,ပတ်မြန်မာ,စထာပနာဟူ၍ဖြစ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ မော်တော်ယာဉ်စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ အတွက် အသုံးပြုနေကြပါသည်။ ကျေးရွာတွင် ရေလမ်းသယ်ယူပို့ဆောင်ရေးမရှိပါ။

ကျေးရွာအတွင်း ရွာတွင်းလမ်းတွင်မြေသားလမ်းများ ဖြစ်ကြပါသည်။ သွားလာရေးအခြေအနေမှာ မိုးတွင်းကာလတွင်မြေသားလမ်းဖြစ်သောကြောင့် အခက်အခဲရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

မီးလင်းရေးနှင့်ပက်သက်၍ မဟာဓါတ်အားလိုင်းရရှိပြီး အိမ်ထောင်စုအနည်းငယ်မှာ ငွေကြေးအခက်အခဲရှိနေသောကြောင့် တစ်အိမ်သုံးတစ်နိုင်တစ်ပိုင်ဆိုလာစနစ်သာ အသုံးပြုနေကြောင်းတွေ့ရှိရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊တီဗီ၊ ဂြိလ်တုစလောင်းမှတစ်ဆင့် ရရှိပြီး ကျေးရွာသည်ဆက်သွယ်ရေးတာဝါတိုင်နှင့် ကွာဝေးသောကြောင့် အင်တာနက်လိုင်း မကောင်းသည့် အခက်အခဲ ရှိပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူကြိုကျောင်းနှင့် မူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိကလေးများ၏ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိပါသည်။ အခြေခံပညာမူလတန်းကျောင်းအဆင့်ထိတက်ရောက်နေသည့် ကျောင်းသား/ကျောင်းသူ(၅၇)ဦးရှိပြီး စာသင်ကျောင်းဆောင်၏ အရည်အသွေးမှာ သွပ်မိုး၊ အုတ်နံရံဖြစ်ပြီး ကျောင်းသုံး ပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ ကျောင်းသားဦးရေများသည့်အတွက် စာသင်ရန်အခက်အခဲကြုံသဖြင့် စာသင်ကျောင်းဆောင် အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဥယျာဉ်ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းမရှိသဖြင့် ရွာနှင့် (၁)မိုင်ခန့်ကွာဝေးသော ကုက္ကိုကုန်းအုပ်စု၊ ကုက္ကိုကုန်းကျေးရွာ၊ အရေးပေါ်အခြေအနေများတွင် ကျေးရွာနှင့် (၇)မိုင်ခန့် ကွာဝေးသော မိတ္ထီလာဆေးရုံကြီးသို့ သွားရောက်၍ ဆေးကုသမှုခံယူကြပါသည်။ ကျေးရွာသူ/သားများနှင့် ပတ်သက်၍ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းမှာ လွန်စွာနည်းပါးပြီး တုပ်ကွေးရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါတို့သာ အနည်းငယ်ဖြစ်ပွားကြသဖြင့် အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။ တခါတရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအစာများကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း ရာသီပေါ်တုပ်ကွေး၊ ဖျားနာခြင်းများဖြစ်တတ်ပါသည်။ သောက်သုံးရေအတွက် ကျေးရွာတွင် တစ်ရွာလုံးအဝီစိတွင်းများမှ ရေကိုသာသောက်သုံးရေဖြင့် အသုံးပြုလျက်ရှိပါသည်။ ကျေးရွာ၏ အိမ်ထောင်စုအများစုမှာ ရေလုံအိမ်သာသုံးစွဲကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာပတ်ဝန်းကျင်ရှိ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းတို့ကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုရှိသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလပ်စတစအိမ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာအသိပညာ ပေးဟောပြောပွဲများ ဟောပြောပေးခြင်းဖြင့် မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်တွင် တခါတရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်းတို့ကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ကြပါသည်။ အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနိုင်ခြင်း အစရှိသော ဘေးအန္တရာယ်များနှင့်လည်း ကြုံတွေ့နေရ ပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာသည် ကျား-မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံမှုကိစ္စရပ်များမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား/သမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရ ပညာသင်ယူနိုင်ရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပင်ဖြစ်သည်။ ဥယျာဉ်ကျေးရွာ တွင် ကျား-မမရွေး လူကြီး၊လူငယ်မရွေး နှစ်စဉ်နှစ်တိုင်း ဆွမ်းလောင်းလှူခြင်းကို ဂေါပကအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပုသ်နေ့တိုင်းတွင် ကျေးရွာအတွင်းရှိ ဓမ္မစကြာဝတ်အသင်းများနှင့် ပဌာန်းပူဇော်ခြင်းများဆောင်ရွက်ခြင်း၊ သာရေးနာရေးကိစ္စများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ကျန်းမာရေးလုပ်ငန်းများတွင် ကျေးရွာသူ/သားများမှ

အဖွဲ့စည်းပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆယ့်နှစ်လရာသီပွဲတော်များတွင်လည်း ဦးဆောင်ပါဝင်ဆောင်ရွက်ကြပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁
မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး	၂
ရေသန့်စင်စက်တပ်ဆင်ခြင်း	၃
ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၄
အားကစားကွင်းနှင့် အားကစားပစ္စည်းများရရှိရေး	၅

နောက်ဆက်တွဲ (၁)

တောမကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	ရာထူး	ပညာအရည်အချင်း	မှတ်ပုံတင်နံပါတ်	ဖုန်းနံပါတ်
၁	ဦးဝင်းမြင့်	ဥက္ကဋ္ဌ	B.Sc(Math;)	၉/မထလ(နိုင်)၀၂၁၁၆	၀၉-၉၇၁၀၈၀၇၂၄
၂	ဦးလွမ်းမိုး	အတွင်းရေးမှူး	ဒီတန်း	၉/မထလ(နိုင်)၂၂၂၄၂၈	၀၉-၄၂၁၀၂၄၁၃၆
၃	ဦးသန်းနိုင်ထွန်း	ဘဏ္ဍာရေးမှူး	B.A (Myan;)	၉/မထလ(နိုင်)၁၇၇၅၅၅	၀၉-၄၀၂၅၅၈၆၉၅
၄	ဦးဇော်ထူး	ဝယ်ယူရေးဥက္ကဋ္ဌ	၁၀တန်း	၉/မထလ(နိုင်)၂၇၆၈၂၃	၀၉-၉၇၈၀၃၅၉၇၁
၅	ဦးမြင့်ဌေး	အဖွဲ့ဝင်	၁၀တန်း	၉/မထလ(နိုင်)၀၂၀၃၉၄	၀၉-၇၈၀၈၀၄၆၆၉
၆	ဒေါ်စန်းစန်းနွဲ့	အဖွဲ့ဝင်	၁၀တန်း	၉/မထလ(နိုင်)၁၇၆၆၃၁	၀၉-၂၅၆၄၃၃၄၅
၇	ဒေါ်ခင်မျိုးလတ်	အဖွဲ့ဝင်	B.A (Myan;)	၉/မထလ(နိုင်)၁၉၄၈၈၅	၀၉-၄၂၆၃၄၅၃၁၉
၈	ဒေါ်ထွေးထွေးကြည်	အဖွဲ့ဝင်	၂တန်း	၉/သစန(နိုင်)၁၂၃၃၅၅	၀၉-၆၅၀၃၄၀၀၄၅
၉	ဒေါ်လှိုင်လှိုင်စိုး	အဖွဲ့ဝင်	၁၀တန်း	၉/မထလ(နိုင်)၂၆၂၂၉၂၆	၀၉-၆၇၂၂၁၅၁၉၅

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
(၁) ဥယျာဉ်ကျေးရွာ လူမှုစီးပွားရေး အခြေအနေ
(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၄	၁၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၂၄	၄၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၇	၅၀	၁	
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၅	၃၂၈	၅၉၃	၂	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅၁	၆၂	၁၁၃	၁	
စုစုပေါင်း		၃၆၇	၄၄၈	၈၁၅	၄	၁
စုစုပေါင်း အိမ်ထောင်စု		၁၈၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီ အရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်(၁၀) နှစ်ပြည့်သည်မှအသက်(၁၅)နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည် မှအသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက်(၆၅)နှစ်ပြည့်အရွယ် နှင့် ၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။
(ခ)အလုပ်လုပ်နိုင်သူ အင်အား
(ခ)အလုပ်လုပ်နိုင်သူ အင်အား
(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမ ဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင် သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၅၉	၁၂	၃၁	၂၈		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမ ဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၇	၂	၁၁	၆		မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၉	၁၁		၁၁			မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		၁			မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမ ဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	၂		၂		မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၁	၁၄	၅	၆	၈		မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၉	၁၀၀		၃၇	၆၃		မြင့် ☐ လတ်✓ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၁	၁၉		၅	၁၄		မြင့် ☐ လတ်☐ နိမ့် ✓
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမ ဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၂	၂		၁	၁		မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၉	၄၄					
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၂၂		၁၅	၇		မြင့် ☐ လတ်☐ နိမ့် ✓
	စုစုပေါင်း	**၁၈၀**	**၂၉၆**	**၂၁**	**၁၂၁**	**၁၃၁**		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**” ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ၏ **“ကိုယ်ပိုင် လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ် ကိုင်ရန်အခွင့် အလမ်းများနေသည် ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး၊ အစိုးရဝန်ထမ်း၊ ပန်းရံလက်သမားနှင့် အရောင်းအဝယ်-လက်လုပ်လက်စား အဓိကအားထားလုပ်ကိုင်ကြသောကျေးရွာဖြစ်ပြီး အခြားလုပ်ငန်းများ မှာ ကျွမ်းကျင်ပညာရှင်များ၊ ကျပန်းလုပ်ကိုင်သူများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း အနည်းငယ်လုပ်ကိုင်သည်ကို လေ့လာတွေ့ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၈၀၀၀	၁၂၀၀၀	၇၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လုပ်ငန်းများ၏ ဝင်ငွေခြားနားရခြင်းမှာလုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီးကျား၊မဝင်ငွေကွာခြားရခြင်းမှာလည်းအားစိုက်ထုတ်မှုအပေါ်မူတည်ပါသည်။အလုပ်အကိုင်အမျိုးအစားအားလုံးတွင်အမျိုးသားများသည်အမျိုးသမီးများထက်ပိုမို၍လုပ်အားခနှုန်းထားပိုမိုရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၂၆	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၉.၃	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၄	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၆၉.၃	☒		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထား သတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်နှင့်ယာမြေများရှိသော်လည်း စိုက်ပျိုးရေးရေလုံလောက်စွာမရရှိသည့်အတွက် စိုက်ပျိုးရေးမှာ ထွန်းကားမှုမရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အခြားသတ္ထုနှင့် တွင်းထွက်သယံဇာတများမရှိခြင်းနှင့် ဆေးဘက်ဝင်အပင်မျိုးစိတ် အနည်းငယ်ရှိပြီး အသုံးပြုရန် လွယ်ကူကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသောအိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သောအိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့်ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**
အဓိကစီးပွားရေးလုပ်ငန်း	**စီးပွား (ဝင်ငွေ) အလွန်ကောင်း**	**စီးပွား (ဝင်ငွေ) အသင့်အတင့်**	**စီးပွား (ဝင်ငွေ) နည်း**	**စီးပွား (ဝင်ငွေ) အလွန်နည်း**
အိမ်ထောင်စု	၁၅	၁၁၀	၃၅	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလွန်မပြေလည်သောအိမ်ထောင်စုမရှိကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား(၇)ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၅	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃_____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့်"၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝမ်းစာဖူလုံမှု ထိခိုက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောမိသားစုမရှိပါ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)	စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်၊အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်၊အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းအပြင် လက်လုပ်လက်စား၊ ကျပန်း၊ဆောက်လုပ်ရေးလုပ်ငန်းနှင့်အခြားလုပ်ငန်းများတွင်လည်းလုပ်ကိုင်ခြင်းကြောင့် ထိခိုက်သက်ရောက်မှုမှာအနည်းငယ်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓	✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		✓		✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည်မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့်အိမ်ထောင်စုများအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေး၊ အစိုးရဝန်ထမ်း၊ ပန်းရံလက်သမား၊ ကျွမ်းကျင်ပညာရှင်များ၊ အရောင်းအဝယ်-လက်လုပ်လက်စား၊ ကျပန်းလုပ်ကိုင်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်အခြားလုပ်ငန်းများလုပ်ကိုင်သည့် ကျေးရွာဖြစ်သောကြောင့် သဘာဝဘေး၊စားနပ်ရိက္ခာသဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့်အခြေအနေများကြုံတွေ့ပါက လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု မရှိနိုင်ပါ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတ	၁ □ ၂ ✓ ၃ □	၁၄	၆	၂၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/✓ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၂	စမ္မစကြ်ာ	၁ □ ၂ □ ၃ ✓	၅	၂၅	၃၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၃	လမ်းကော်မတီ	၁ □ ၂ ✓ ၃ □	၅	၄	၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/✓ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၄	အုပ်ချုပ်ရေး	၁ □ ၂ ✓ ၃ □	၁၀		၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး✓	ကောင်း□ သင့်✓ ညံ့□
၅	မီးကော်မတီ	၁ □ ၂ ✓ ၃ □	၁၁		၁၁	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး✓	ကောင်း□ သင့်✓ ညံ့□
၆	မင်္ဂလာကြေးအဖွဲ့အစည်း	၁ □ ၂ ✓ ၃ □	၄	၂	၆	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/✓ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၇	USAID မတည်ငွေဖြင့် ငွေချေးခြင်း	၁ ✓ ၂ □ ၃ □	၄	၁	၅	ပညာရေး□ငွေကြေး✓ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ လူထုအဖွဲ့အစည်းများသည် ဘာသာရေးကိုအခြေခံ၍ ညီညွတ်မှု၊ တိုးတက်မှုများ၊အောင်မြင်မှုများ မြင်တွေ့နေရသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက်အထောက်အကူဖြစ်ကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ကလေးသူငယ်စောင့်ရှောက်ရေး Save the children USAID	၁✓၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး✓ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	CLED Children Learning Erviromment Development	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓
၃	အမ်ဒါ	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	မြကျွန်းသာ	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး✓ကျန်းမာရေး□ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	ပတ်မြန်မာ	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး✓ကျန်းမာရေး□ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	စထာပနာ	၁□၂□၃□၄□၅□၆□၇✓	ပညာရေး□ငွေကြေး✓ကျန်းမာရေး□ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊

နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ အနည်းငယ်တွေ့ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၇	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၇		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၅		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၀		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၈၀	၁၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများရှိပြီး အစိုးရဝန်ထမ်း၊ ပန်းရံလက်သမား၊ အရောင်းအဝယ်-လက်လုပ်လက်စား၊ နွေစား၊ ကျပန်း၊ ဆောက်လုပ်ရေး နှင့်အခြားလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (၏က)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခု ကိုသာရွေးရန်)
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓ မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ□ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ□ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□ မရှိ□ မဖြေဆိုပါ✓	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)

ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တောင်သူအများစုသည် ဆည်၊မြောင်း၊ကန်၊ချောင်းများမှ ရေမရရှိခြင်းကိုတွေ့ရပါသည်။ ထို့ကြောင့် အရင်းအမြစ်မရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာ တစ်ခုကို သာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာ တစ်ခုကို သာ ရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
နှမ်း	၆၀	တင်း	၅	၁၂	၈.၅	မေ	ဇူလိုင်	မြင့်□လတ်□နိမ့်✓	မြင့်□လတ်□နိမ့်✓	မြင့်□လတ်✓နိမ့်□
စပါး	၈၀	တင်း	၄၀	၈၀	၆၀	ဩဂုတ်	စက်တင်ဘာ	မြင့်□လတ်□နိမ့်✓	မြင့်□လတ်□နိမ့်✓	မြင့်□လတ်✓နိမ့်□
နေကြာ	၃၀	တင်း	၈	၁၅	၁၁.၅	ရာသီမရွေး		မြင့်□လတ်□နိမ့်✓	မြင့်□လတ်□နိမ့်✓	မြင့်□လတ်✓နိမ့်□
ကြက်သွန်	၅၀	ပိဿ	၃၅၀၀	၆၀၀၀	၄၇၅၄	နိုဝင်ဘာ	ဇန်နဝါရီ	မြင့်□လတ်□နိမ့်✓	မြင့်□လတ်□နိမ့်✓	မြင့်□လတ်✓နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရသော်လည်း ရာသီဥတုမမှန်ခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်သောနှစ်များတွင် သီးနှံထွက်နှုန်းလျော့နည်းပါသည်။ယာသီးနှံအားလုံးတွင် သီးနှံထွက်နှုန်းမှာ အသင့်အတင့်သာရှိပြီး သွင်းအားစုထည့်သွင်းနိုင်မှု၊ စျေးကွက်အတွင်း မှန်ကန်သောနှုန်းထားဖြင့် မရောင်းချရမှု၊ ရာသီတုအခြေအနေပေါ်မူတည်၍ အမြတ်အစွန်း ကွာခြားမှုရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				၃၈
လက်တွန်းထွန်စက်	၅			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				၁၅
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၅			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာသုံးစက်ကိရိယာများအနေဖြင့် ထွန်စက်များတစ်ဇကေလျှင် (၃၀၀၀၀)နှုန်းဖြင့်ငှားရမ်းအသုံးပြုကြရပါသည်။ ကျေးရွာအနေဖြင့်လယ်ယာသုံးစက်ကိရိယာများလုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓ မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓ မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ □အသင့်အတင့်ရှိ✓မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်✓မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □ ဝယ်ယူရနိုင်သည်✓ မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓ မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓ မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန် ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓ မဖြေဆိုပါ□
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□သီးနှံများကိုရောင်းချနိုင်သည်✓ မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မိုးကောင်းရေသောက်စိုက်ခင်းများဖြစ်သဖြင့် ရာသီဥတုကောင်းလျှင် သီးနှံအထွက်နှုန်းတိုး၍ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းပါသည်။ စိုက်ပျိုးရေးသုံး ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများကို ကျေးရွာတွင်းနှင့်ကျေးရွာအနီးတွင် ဝယ်ယူနိုင်ပါသည်။ လယ်ယာမြေအသုံးချနိုင်မှု အသင့်အတင့်ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇ နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်✓ မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ✓လယ်ယာမြေဆုံးရှုံးမှုများသည်□လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ပလပ်မြေများရှိသည်□ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ □
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင် ✓လုံးဝမရ□မဖြေဆိုပါ □
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✓ လုံးဝမရ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်✓ လုံးဝမရ□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်✓ လုံးဝမရ□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ✓
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် □လုံးဝမရ□မဖြေဆိုပါ✓
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ✓သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ □ မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□ အသင့်အတင့်ကျ✓ အနည်းငယ်□ မဖြေဆိုပါ□

ရင်းမြစ်(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိကအခက်အခဲသည် ရာသီဥတုမမှန်ခြင်း၊သီးနှံဖျက်ပိုးများကျရောက်ခြင်းနှင့်မျိုးကောင်းမျိုးသန့်များကို အလွယ်အကူဝယ်ယူ၍မရနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရာတွင် စျေးနှုန်းကြီးမြင့်ခြင်း၊ မြေဩဇာ၊ ပိုးသတ်ဆေးစသောသွင်းအားစုများစျေးနှုန်းကြီးမြင့်နှင့် လယ်ယာထွက်ကုန်များ စျေးကွက်မကောင်းခြင်းတို့သည် သီးနှံထုတ်လုပ်မှုအတွက် ကြီးမားသောအခက်အခဲများဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁	၂၄

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
နို့စားနွား	၃၀	၇၂
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၃	၁၃
ကြက်	၄	၃၂
ဘဲ	၁	၁၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**
လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပြီး အဓိက လုပ်ငန်းအဖြစ် သီးသန့်လုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☐ အသင့်အတင့်✓ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်✓ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်✓ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်✓ မဖြေဆိုပါ☐
သွင်းအားစု(မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်✓ မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။✓ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်✓ မဖြေဆိုပါ☐
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်✓မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေ အနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ✓မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်✓ မဖြေဆိုပါ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်✓ မဖြေဆိုပါ☐
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်✓မဖြေဆိုပါ☐
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ✓
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ✓
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐အသင့်အတင့်လွယ်ကူသည်☐မဖြေဆိုပါ✓
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်✓ မထိခိုက်ပါ ☐ မဖြေဆိုပါ☐**

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

